ဝက်သိုက်ကျေးရွာ
စလင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝက်သိုက်ကျေးရွာ၊စလင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဇူလိုင် လ

**မာတိကာ** စာမျက်နှာ


စကားချီး ၁

ဝက်သိုက်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ စလင်းမြို့နယ် ၃

ဝက်သိုက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ၄

ဝက်သိုက်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှု ၅

**၁။ နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ ) စီးပွားရေးအခြေအနေ

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု– လမ်းတံတား၊
လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အနားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အပျက်အစီးများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၅
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား
အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး
(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ
(ဃ) ကျေးလက်အသေးစားစက်မှု/လက်မှု လုပ်ငန်းများဆိုင်ရာ အထောက်အပံ့
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၈

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ၂၁
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်
ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ
(၁)လူမှုစီးပွားရေး အခြေအနေ
ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၆
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား ၂၆
ဇယား(၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၁

ဇယား(၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ၃၂
ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ ၃၂
ဇယား(၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၃၄
ဇယား(၇) ကူညီစောင်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ၃၄
ဇယား(၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၅
ဇယား(၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု ၃၆

## (၂)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၃၈
ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၃၉
ဇယား(၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၃၉
ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ ၄၀
ဇယား(၁၄) အဓိက သီးနှံများနှင့် အထွက်နှုန်း ၄၁
ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၄၁
ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၂
ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၄၃
ဇယား(၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ ၄၄
ဇယား(၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၄၅
ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၄၅
ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ၄၆
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်ခဲများ ၄၈

ဇယား(၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၄၉
ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၅၀
ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ ၅၁
ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ ၅၂
ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း ၅၄
ဇယား(၂၈) ကျောင်းအပ်နှုန်း ၅၄
ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ ၅၅
ဇယား(၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ ၅၆

ဇယား(၃၁)	အဖြစ်များသော ရောဂါများ ၅၇

ဇယား(၃၂)	ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၅၇
ဇယား(၃၃)	သောက်သုံးရေရရှိမှု ၅၈
ဇယား(၃၄)	သန့်ရှင်းရေး အခြေအနေ ၅၉
ဇယား(၃၅)	ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ ၅၉
ဇယား(၃၆)	ရေကြောင်းသယ်ယူပို့ဆောင်ရေး ၆၀
ဇယား(၃၇)	သယ်ယူပို့ဆောင်ရေးယာဉ်များ ၆၁
ဇယား(၃၈)	လျှပ်စစ်မီးရရှိမှု အခြေအနေ ၆၁
ဇယား(၃၉)	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ ၆၂
ဇယား(၄၀)	ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၆၂
ဇယား(၄၁)	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၆၃
ဇယား(၄၂)	မှုခင်းဖြစ်ပွားမှု အခြေအနေ ၆၃

**နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားမည့် စိန်ခေါ်မှုများ**

ဇယား(၄၃)	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၆၄
ဇယား(၄၄)	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားမည့် စိန်ခေါ်မှုများ ၆၆

**နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ( ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**

ဇယား(၄၅)	ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၆၉

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဝက်သိုက်ကျေးရွာ၏ ကျေးရွာ သူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေး လုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များ နှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါ သည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုး တက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများ နှင့် လုပ်ငန်း အစီအစဉ်များကို

အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။


ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>ဝက်သိုက်ကျေးရွာ<br>စလင်းမြို့နယ်

ဇူလိုင်လ၊ ၂၀၂၄ ခုနှစ်။


# ဝက်သိုက်ကျေးရွာ၏လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



# ဝက်သိုက်ကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန်



# ဝက်သိုက်ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည် ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေး ကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထား ပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှု ကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(က-၁)

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိ လာနိုင်မည် ဖြစ်သည်။

**( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း ပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဝက်သိုက်ကျေးရွာသည် စလင်းမြို့၏ အနောက်တောင်ဖက်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ စလင်းမြို့သို့ ၅မိုင်ခန့်သွားရပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးတွင် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သူ များပြားပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန် လက်မမှာ ၄၀ မှ ၆၀ ဝန်းကျင်ခန့် ရှိပြီး နွေရာသီတွင် စိုက်ပျိုးရေး လုပ်ငန်းများအတွက် လယ်ယာမြေပေါ်တွင် သွားရောက်စိုက်ပျိုးရာ အဝီစိတွင်းရေများ နှင့်ရေသွင်းမြောင်းရေကို အသုံးပြု၍ စိုက်ပျိုးဆောင်ရွက်ကြပါသည်။ ကျေးရွာတည်ရှိရာ နေရာသည် မိုးရာသီတွင် မြေသားလမ်း ဖြစ်သဖြင့် ရွှံ့နွံများ ထူထပ်သဖြင့် သွားလာရေး ခက်ခဲပါသည်။ လယ်ယာမြေတွင် စပါး၊ ကုလားပဲ၊ နှမ်း၊ ငရုပ် အဓိက စိုက်ပျိုးကြပါသည်။

### ( ခ ) သဘာဝအရင်းအမြစ်များစစ

လယ်ယာမြေများ ရရှိသဖြင့် မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာသည် သဘာဝသယံဇာတ မထွက်ရှိပါ။ ရေသွင်းမြောင်းရေနှင့် စိုက်ပျိုးသော လယ်မြေ ၉၂၈ ဧက နှင့် ယာမြေ (၃)ဧက စုစုပေါင်း (၉၃၁) ဧက စိုက်ပျိုးမြေ အများစုမှာ မြောင်းရေကိုသာ အဓိက အသုံးပြုကြပါသည်။ ထွန်ယက်စိုက်ပျိုး နိုင်သည့်ဧကမှာ (၉၃၁) ဧကရှိပြီး တစ်နှစ်ပတ်လုံး ရာသီအလိုက် ထွန်ယက် စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၇၄) စုနှင့် ကျား (၆၇၂) ၊ မ (၇၄၉)ဦးဖြင့် လူဦးရေပေါင်း (၁၄၂၁) ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးရှိသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၃.၂% ) ခန့်ရှိသဖြင့် လူသားအရင်း အမြစ်ကောင်းတစ်ရပ်ဖြစ်ကြ လူငယ်များကို လေ့ကျင့်သင်ကြား ပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။

### ( ခ ) စီးပွားရေးအခြေအနေ

တောင်သူလုပ်ငန်း လုပ်ကိုင်ကြသူများ တနိုင်တစ်ပိုင် မွေးမြူရေး လုပ်ကိုင်ကြ သူများ နှင့် ကျပန်းလုပ်ကိုင်သူများဖြင့်ရှိကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စု (၃၇၄) စု ရှိသော်လည်း လုံးဝလုပ်ကိုင် စားသောက်နိုင်ခြင်းမရှိသော အိမ်ထောင်စုများမရှိကြပါ။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၅၈.၃) ရာခိုင်နှုန်း သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့် ခံယူကြပြီး (၁၃.၉) ရာခိုင်နှုန်းသည် ချမ်းသာသည့် အဆင့်၊ (၂၇.၈)

ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှုများပြားကြောင်း လယ်ယာမြေ များကို ရေသွင်းစိုက်ပျိုး နိုင်မှုကြပါသည်။ ကျေးရွာစီးပွားရေး အနေအရေထားမှာ အစိုးရဝန်ထမ်း အိမ်ထောင်စု အချို့လည်း အသင့်အတင့် အဆင်ပြေကြသည်။ ယင်းတို့အနက် အလယ်အလတ်အဆင့်သည် ကျေးရွာတွင် နည်းပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ် လက်စားများ၊ မြေယာမဲ့ အိမ်ထောင်စုများ အများအပြား ပါဝင်ပါသည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု နှင့် ဆင်းရဲသား တောင်သူများ များပြားကြသော်လည်း ရာသီအလိုက် တောင်သူလုပ်ငန်း၊ တနိုင်တပိုင် မွေးမြူရေး လုပ်ငန်းများဖြင့် အလုပ်အကိုင်များ ရှာဖွေ လုပ်ကိုင်ကြပါသည်။

### ( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

တောင်သူလုပ်ငန်းများ ရိတ်သိမ်းပြီးချိန်တွင် မွေ့အန္တရာယ်နှင့် ကြုံတွေ့ရပြီး ကျေးရွာ၌ ဆေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း မရှိခြင်းတို့ကြောင့် မလိုအပ်ဘဲ အသက်ဆုံးရှုံးမှု များကြုံတွေ့ရခြင်း၊ မီးမဖွားနိုင်သော ကိုယ်ဝန်ဆောင်မိခင်များ အနီးဆုံးမြို့ဆေးရုံသို့ သွားရောက်ရခြင်း အရေးပေါ် လူနာများ နီးစပ်ရာဆေးရုံသို့ သွားရပါသည်။ မိမိတို့ကျေးရွာ တွင်းရှိ မွေးကင်းစ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို (၂)မိုင်ခန့် ဝေးသော ရုံးပင်ကန်(တ)ရွာ သို့သွားရောက်၍ဆေးထိုးကြရပါသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၃)ဦးနှင့် မိသားစု စောင့်ရှောက်မှုရှိသည့် သက်ကြီးရွယ်အို တို့ဖြစ်ကြသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေ ရရှိရေးအတွက် အလုပ်များ လူငယ်များ ဆိုင်ကယ်များ မဆင်မခြင်မောင်းနှင်မှုကြောင့် ထိခိုက်မှုများ ရှိကြသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝ၍ သင့်တင့်မျှတမှု ရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ကလေးငယ်များတွင် ဖြစ်ကြကြောင်း တွေ့ရှိရ သည်။ ကျေးရွာသူ/သား များသည် တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရရှိနိုင်ရန် ကျန်းမာရေး ဟောပြောပွဲများ ပြုလုပ်ပေးပါက ကျန်းမာရေး အသိအမြင်များ ပို၍ တိုးလာနိုင်ပါသည်။ ကျေးရွာသူ/သား များအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု များကို မရှိနိုင်သည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုခံယူ၍ အနီးဆုံး (၅)မိုင်ခန့် ကွာဝေးသော မြို့ဆေးရုံသို့ သွားရောက်ရပါသည်။ ဆေးဆိုင်များနှင့် လက်လှမ်းမမီပါ။ ကျေးရွာတွင် လက်နှိပ်တုံကင်စက်များ၊ အင်ဂျင်စက်နှင့် မောင်းသော ရေတင်စက်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်သဖြင့်

သန့်ရှင်းသော သောက်သုံးရေကို ရရှိသောကြောင့် ရောဂါဖြစ်ပွားမှု နည်းပါးကြပါသည်။ ကျေးရွာပိုင် ရေတွင်းတွင်းကျယ် (၂)တွင်းရှိပြီး ချိုးရေအဖြစ် အချို့မိသားစုများမှ သုံးစွဲလျှက်ရှိကြပါသည်။

**( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာရှိ ကလေးငယ်များမှာ အထက်တန်းခွဲကျောင်းရှိသဖြင့် ကျောင်းနေ အရွယ် ကလေးများသည် ပညာသင်ယူရန် နိုင်ကြပါသည်။ ပညာသင်ကြားနေရပြီး မိုးသီးထန်စွာ ရွာသွင်းချိန်တွင် သွားလာရန်ခက်ခဲခြင်း၊ သဘာဝဘေး ဖြစ်သော လေပြင်းမုန်တိုင်းကျ ရောက်ချိန်တွင် ကျောင်းသား/သူများ အခက်အခဲ ကြုံတွေ့ရခြင်း၊ မိုးတွင်းကာလများတွင် ရွှံ့ဗွက်များပေါ်များသဖြင့် သွားလာရန် ခက်ခဲခြင်း ၊မိရိုးဖလာ တောင်သူလုပ်ငန်းကိုသာ လုပ်ကိုင်ကြခြင်း စသည်တို့ကြောင့် အချို့ ကျောင်းသား/သူများမှာ ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်မသင်ယူနိုင်ကြ၍ ဘွဲ့ရပညာတတ်များ နည်းပါး ကြသည်။ ကျေးရွာသူ/သားများမှာ စာများရေး/ဖတ် နိုင်ကြပါသည်။ အသက်မွေးဝမ်း ကျောင်းဖြစ်သော တောင်သူလုပ်ငန်းများသာ လုပ်ကိုင်နေကြရသဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါ သည်။

**( စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှု အနေအထားမှာ လွပ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံ ခြင်း ကိစ္စများ မရှိပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် အတန်းပညာအားလုံးတွင် မိန်းကလေး အရေ အတွက်သည် ယောက်ကျားလေး အရေအတွက်ထက် များနေကြပါသည်။ ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။ ဥပမာအားဖြင့် လုပ်သားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများ သည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။

အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်း လျက်ရှိသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာ နိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁) ဖွဲ့နှင့် အရံမီးသတ် (၁)ဖွဲ့တို့ ရှိကြသည်။ယင်းအဖွဲ့များအပြင် ကျေးရွာအတွင်း နာရေးကူညီမှုအနေဖြင့် ဆင်းရဲသောမိသားစုအား တစ်အိမ်ထောင်လျှင် အချိုးကြထည့်ဝင်၍ နာရေးတစ်ခုဖြစ်လျှင် သဒ္ဒါကြေးအလှူခံပြီး ရရှိလာသော ငွေကြေးနှင့် ဆန်များ ကျေးရွာမှထောက်ပံ့ပါသည်။ မြန်မာ့အသေးစား ငွေကြေးအဖွဲ့ရှိပြီး ငွေစုငွေချေး လုပ်ငန်းများ လည်ပတ်လျက်ရှိသည်။ ၎င်းအဖွဲ့အစည်းများကို စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။

**( ခ ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် လယ်တွင်စပါးနှင့် ကုလားပဲစိုက်ပျိုးကြပြီး နောက်ဆွဲသီးနှံအဖြစ် နှမ်းများကို အဓိကထား စိုက်ပျိုးကြသည်။ မြစ်နှင့်ဝေးသဖြင့် ငါး၊ ပုဇွန်များ ဖမ်းစီးရရှိခြင်း မရှိပါ။ ဒေသနွားနှင့် ဒေသကြက်၊ ဝက်များကို တပိုင်တနိုင် မွေးမြူကြပါသည်။နွားများတွင် ကျရောက်တတ်သော ဒေါင့်သန်းရောဂါ ၊ ခွာနာလျှာနာရောဂါများ ကူးစက်ခံရပြီး သေဆုံးပျက်ဆုံးမှုများ ရှိကြသည်။ နည်းပညာ ဝန်ဆောင်မှုကို မြို့နယ် မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းလုံလောက်မှု မရှိခြင်းတို့ကြောင့် ဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။ မွေးမြူရေးဆိုင်ရာ အဟန့်အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေကို မလွယ်တကူ မရရှိနိုင်သောကြောင့် ငွေချေးသူများထံမှ ချေးငှားလျှင် အတိုးနှုန်း မြင့်မားသဖြင့် တပိုင်တနိုင်သာ မွေးမြူကြပါသည်။

**( ဂ ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် နေ့စားအလုပ်များ၊ အစိုးရဝန်ထမ်းအနည်းငယ်၊ လက်လုပ်လက်စားအလုပ်သမားများမှာ စိုက်ပျိုးရာသီတွင် အလုပ်အကိုင် အခွင့်အလမ်းများပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ပုံမှန် မရှိသည့်အတွက် စားဝတ်နေရေး အခက်အခဲများ ရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ ရှိသော်လည်း ရွာသူ/သား အများစုသည် အဆိုပါ သင်တန်းများကို တက်ရောက်နိုင်မှု မရှိပါ။ သင်တန်းစရိတ်အတွက် အကုန်အကျခံနိုင်မှုနှင့် လုပ်ငန်းထူထောင် လုပ်ကိုင်နိုင်ရန် အရင်းအနှီးမရှိခြင်းကြောင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်မှု မရှိကြပါ။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာ အရည်အသွေးများ ကျဆင်းလာနိုင်ပြီး တောင်သူများ

အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး လုပ်ငန်းများအစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာကြပါသည်။စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု တွင်လည်း ပလတ်စတစ်အိတ်ခွံ ၊ပုလင်းခွံ၊ ဘူးခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်ပါသည်။ မြန်မာပြည်အလယ်ပိုင်းဖြစ်၍ အားပျော့သော မုန်တိုင်း ဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ နွေရာသီတွင် လေပြင်းမုန်တိုင်း များလည်း ကျရောက်တတ်ပါသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်း သဘာဝ အန္တရာယ် တစ်ရပ် ကြုံတွေ့ရ မြဲဖြစ်ပါသည်။

**( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို ၁ဧကလျှင် ၁သိန်းခွဲထုတ်ယူကြရပြီး အများဆုံး(၁၀)ဧကသာ ထုတ်ချေးကြ ပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် ချေးငွေများကို မိသားစု၏ လိုအပ်သော အခက်အခဲမျိုးစုံဖြင့် ချေးငွေယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်မှု များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစု အားလုံးသည် အကြွေးယူထားကြရပြီး မိသားစုတစုတွင် အနည်းဆုံး (၂)သိန်းမှ အများဆုံး(၁၀)သိန်းထိ ယူကြရကြောင်း တွေ့ရှိရသည်။ ကျေးရွာ၏ ၇၅% အိမ်ထောင်စုများသည် အကြွေး၏(၁၀)% ခန့်တင်ရှိကြောင်း တွေ့ရှိရသည်။

**( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အထက်တန်း ကျောင်းခွဲရှိပါသည်။ ယခုသင်ကြားနေသည့် ကျောင်းသားကျောင်းသူများသည် ပညာကိုအလွယ်တကူ သင်ယူနိုင်ကြပါသည်။ပရိဘောဂ လုံလောက်မှု မရှိပါ။ ဆရာ/မနှင့် ကျောင်းသား အချိုးညီမျှမှု ရှိပါသည်။ အထက်တန်း ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်း စာအုပ်များ အခမဲ့ ရရှိကြပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိဘဲ အနီးဆုံး ဆေးပေးခန်းနှင့် မြို့နယ်ဆေးရုံသို့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရပါသည်။ ကျေးရွာသည် မီးလင်းရေး အတွက် လျှပ်စစ်မီးနှင့် ဆိုလာအနည်းငယ် အသုံးပြုကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိပါသည်။ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြပါသည်။ စာသင်ကျောင်း များတွင်လည်း ယင်လုံအိမ်သာ များ စနစ်တကျ ဆောက်လုပ်ထားရှိပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် သီးသန့်မရှိပါ။ကျေးရွာမှ လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ဘာသာရေးပွဲများတွင် လူငယ်များ ပျော်ပွဲရွှင်ပွဲများ ကပြဖျော်ဖြေပွဲများတွင် ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လူကြီးလူငယ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

**( ဇ )  အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု– လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများမောင်းနှင်နိုင်သည်။ မီးလင်းရေးအတွက် လျှပ်စစ်မီးမယူနိုင်သည့် အိမ်ထောင်စု အနည်းငယ်ဆိုလာမီးကို အသုံးပြုလျက်ရှိသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှု ကောင်းမွန်ပြီး သတင်းအချက်အလက် အင်တာနက် ချိတ်ဆက်အသုံးပြု ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပါသည်။ ရွာသားများသည် သတင်းစာနှင့် ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှု ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**( ဈ )  တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်း အမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ နွေရာသီတွင် မီးဘေး လုံခြုံရေး အတွက် အရန်မီးသတ်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး မီးကင်းတာဝန်များကို အဖွဲ့ခွဲ၍ အလှည့်ကျ တာဝန်ထမ်းဆောင်ကြပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်မှု မရှိသော်လည်း ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါးပါသည်။

**၅။  ကျေးရွာဖွံ့ဖြိုးရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အနားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က)  ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီး နှင့်ဆိုလာ အသုံးပြုရသဖြင့် ကျောင်းသူ/သားများ အတွက် ကျောင်းစာများပြုလုပ်ရန် အထောက်အပံ့ကောင်းစွာ ရရှိခြင်း၊ တီဗွီနှင့်စလောင်းများ ရှိခြင်းကြောင့် သဘာဂဘေးအန္တရာယ်အတွက် ကြိုတင် ပြင်ဆင်နိုင်ခြင်း၊ သတင်းအချက် အလက်များ ကြိုတင်သိရှိနိုင်ခြင်း၊ အထွေထွေ ဗဟုသုတများ ရရှိခြင်း စသည့်လူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူ ပြုနေပါသည်။

လူငယ်ပညာတတ်များ အနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသော်လည်း အသက်မွေးဂမ်းကျောင်းသင်တန်းများ တတ်ရောက်နိုင်ခြင်း အားနည်း ပါသည်။ မိရိုးဖလာ တောင်သူလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်ကြရပါသည်။ အသက်မွေး

ဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ ကို တိုးတတ်ကောင်းမွန်စေပါမည်။

သဘာဝ အရင်းအမြစ်များတွင် လယ်ယာမြေများ မြေဆီအတော်အသင့် ကောင်းမွန်သည်။ တောင်သူများမှာ (၁၂)လရာသီ မြေအောက်ရေများ နှင့်ရေသွင်းမြောင်းမှ ရေသွင်း၍ စိုက်ပျိုး ကြပါသည်။

တပိုင်တနိုင်မွေးမြူရေး ဆောင်ရွက်ကြခြင်းနှင့် မွေးမြူရေးအတွက် မွေးကုဦးစီး ဌာနမှ လိုအပ်သော နည်းပညာဆိုင်ရာ ပံ့ပိုးမှုကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေး ကောင်းမွန်သဖြင့် အင်တာနက် အသုံးပြုနိုင်မှု ရှိသဖြင့် သတင်းအချက်အလက်များအတွက် အသုံးပြုနိုင် ပါသည်။

## ( ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည် မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန် မရှိသည့် အတွက် တောင်သူဦးကြီးများမှာ အကျိုးအမြတ် အများဆုံး ရရှိနိုင်သော သီးနှံများကိုသာ ရွေးချယ်၍ သီးထပ်၊ သီးညှပ်များ စိုက်ပျိုးကြပါသည်။ မြေအောက်ရေရရှိမှု လွယ်ကူသဖြင့် စိုက်ပျိုးရေသွင်းမှုများဖြင့် ဆောင်ရွက်လျက် ရှိကြပါသည်။ ပိုးသတ်ဆေး အချို့ကို ခံနိုင်သော ဖျက်ပိုးများ ကျရောက်တတ်သောကြောင့် သီးနှံများ အထွက်နည်းခြင်း၊ လမ်းပန်းဆက်သွယ်မှု မလွယ်ကူသဖြင့် သီးနှံများ ဈေးကောင်းမရခြင်း၊ သယ်ယူစရိတ်များပြား ခြင်းများကြောင့်

စီးပွားရေးဖြစ်ထွန်းမှု နည်းပါးသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်မှု နည်းပါးခြင်း၊ ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည် ဖော်ပေးသော အစီအစဉ် မရှိသေးသဖြင့် တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန် လိုအပ်ပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်း မရှိခြင်းကြောင့် ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ ဖွံ့ဖြိုးရေးဘက်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရ တတ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်ရေးဆွဲထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ငါးနှစ်တာ ကာလအတွင်း စီမံချက်ပါအတိုင်း ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်-

(၁) ကျေးရွာလူထု စည်းလုံးစွာဖြင့် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ သက်မွေးပညာ သင်တန်းများ ရရှိခြင်းမှ တဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်လာစေရမည်။

(၂) ဝက်သိုက်ကျေးရွာ လူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်း မွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

(၃) ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုများ တိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေ များ အတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေများ ရရှိလာပါက စိုက်ပျိုး ရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင် ရေးအတွက် သက်ဆိုင်ရာ

နည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်း များ တွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေရမည်။

(၂) ကျွန်ုပ်တို့သည် ၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက် နိုင်ရန်သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းသားများသည် သင်တန်း သူ/သားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရ လုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး ၊လုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် စာသင်ကျောင်းနှင့် ခြံစည်းရိုးကာရံပြီး အလေးငယ်များ၏ အရည်အချင်း တိုးမြှင့်လာစေရေးအတွက် ဆောင်ရွက်မည်။ ပညာရေး ဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထား ရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် ရွာတွင်းလမ်းများ အားလုံးတိုးတက် ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများ ကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး၊ အစီစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်

အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ် ကျေးရွာသူ/သားများကို ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ် သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက် ပမာဏ ပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါး၊ ကုလားပဲ ၊ နှမ်း သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းပညာရရှိရေး လိုအပ်ပါသည်။ ဖျက်ပိုး နှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခို အားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများ အတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ဆောင်ရွက်သင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်ချေးငွေလုပ်ငန်းများကို ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ် သင့်ပါသည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေများ လိုအပ်ပါသည်။ ကျေးရွာရှိ တောင်သူလယ်သမားများ အနေဖြင့် စိုက်ပျိုးရေးချေးငွေအပေါ် ကာလတို သတ်မှတ်ထားသည့်အတွက် သီးနှံပေါ်ချိန်နှင့် မကိုက်ညီ၍ ပေးဆပ်ရန် အခက်အခဲရှိခြင်း၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ဝယ်ယူရန်အတွက် နှစ်ရှည် ဘဏ်ချေးငွေများ လိုအပ်ကြပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှု/လက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ ၊ ဈေးကွက် ၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။

ကျေးရွာတွင် အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုဆိုင်ရာလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျေးရွာမှ အသေးစား လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည် ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် လုပ်ငန်းဆောင်ရွက်မှု များအဖြစ်နားလည်ပါသည်။ ၎င်းစီမံချက်များသည် ငါးနှစ်တာ စီမံချက်ဆောင်ရွက်မည့် လုပ်ငန်းများ ပါဝင်သည့် ဖွံ့ဖြိုးရေး အကောင်အထည်ဖော် မှုဆိုင်ရာ အဓိကအချက်များဖြစ်ပါ သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ခွင့်ပြုထားသော ဦးစားပေး စီမံချက်များသည် ပြီးပြည့်စုံမှု မရှိနိုင်ပါ။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း ဖော်ထုတ်သွား ကြပါမည်။ ၎င်းရေးဆွဲသွားမည့် ငါးနှစ်တာစီမံချက်သည် သဘာဝဘေးအန္တရာယ်နှင့် ထိခိုက်မှုများ မရှိပါက ပြောင်းလဲမှု မရှိနိုင်ဘဲ ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ငါးနှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲထား သည့်အစီအစဉ်အတိုင်း ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက် အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြု ပါမည်။

Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

**(Functional Classification)**

- ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည်
- (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ် ကဏ္ဍ စသည်)၊
- (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ် နည်း ဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း**

**(Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက် စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ- ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသောရင်းနှီး မြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure)ဥပမာဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊ လူသား
- ချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**( ဂ ) ဦးစားပေး စီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထား ပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံ ချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြား NGO, INGO,များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထား သော ဦးစားပေးစီမံချက်များမှာ –**

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| *လမ်းပန်း ဆက်သွယ် ရေးနှင့်ရေရရှိရေး* | ကျေးရွာအတွင်းမြေနီကျောက်စရစ်ခင်းခြင်း **ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း** | ၉၈ | ၁ | ▯ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>▯ ကျေးရွာဖွံ့ဖြိုးရေး လမ်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>▯ ကော်မတီများ ဖွဲ့စည်းခြင်း | |
| *ရေရရှိရေး* | စက်ရေတွင်းတူးဖော်ပေးရန် | ၈၀ | ၂ | ▯ သက်ဆိုင်ရာဌာနများ ထံတင်ပြ တောင်းခံခြင်း | |
| **ပညာရေး** | ကျောင်းဆောင်သစ်ချထားပေးရန် | ၇၅ | ၃ | ▯ သက်ဆိုင်ရာဌာနများ ထံတင်ပြ တောင်းခံခြင်း | |
| **တံတား** | ကျေးရွာတွင်းBox curvert ဆောင်ရွက်ခြင်း | ၇၀ | ၄ | ▯ သက်ဆိုင်ရာဌာနများထံ တင်ပြ တောင်းခံခြင်း | |
| ***ပညာရေး*** | ကျောင်းခြံစည်းရိုးအုတ်တံတိုင်းခတ်ခြင်း | ၆၀ | ၅ | ▯ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဝက်သိုက်ကျေးရွာသည် ပွင့်လင်းရာသီတွင်သာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် အဆင်ပြေသည့်အတွက် စီမံချက်နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကို ထည့်သွင်းဖော်ပြသွားပါမည်။

(ကျပ်သန်း)

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း | ၁ | ▯ | | | | |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | ၂ | | ▯ | | | |
| ၃ | ကျောင်းဆောင်သစ်ချထားပေးရန် | ၃ | | | ▯ | | |
| ၄ | ကျေးရွာတွင်းBox curvert ဆောင်ရွက်ခြင်း | ၄ | | | | ▯ | |
| ၅ | ကျောင်းခြံစည်းရိုးအုတ်တံတိုင်းခတ်ခြင်း | ၅ | | | | | ▯ |

–

## ၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျတ် ပမာဏများသည် ရည်ညွှန်းနမူနာဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာတွင်းမြေနီကျောက်စရစ်ခင်းခြင်းနှင့်ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းနှင့်ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း | ၁၆၄.၆၅ | ၄.၆၅ | ၁၅၀ | | |
| ၂ | စက်ရေတွင်းတူဖော်ခြင်း | ၆၀၀ | | ၆၀၀ | | |
| ၃ | ကျောင်းဆောင်သစ်ချထားပေးရန် | ၅၀၀ | | ၅၀၀ | | |
| ၄ | ကျေးရွာတွင်းBox curvert ဆောင်ရွက်ခြင်း | ၆၀ | | ၆၀ | | |
| ၅ | ကျောင်းခြံစည်းရိုးအုတ်တံတိုင်းခတ်ခြင်း | ၅၀၀ | | ၅၀၀ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော် မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုး ရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် မိမိတို့ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကောင်းမွန် တိုးတက်အောင် ဆောင်ရွက်ပါမည်။

**( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ**

ကျေးရွာတွင်းရှိ လမ်းများကိုလည်း ဖွံ့ဖြိုးရေးစီမံချက်အရ မိမိကျေးရွာမှ တတ်နိုင်သလောက် ငွေကြေးပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများအားပူးပေါင်းချိတ်ဆက် ညှိနှိုင်း ဆောင်ရွက်ပါမည်။

**( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါခေါ်ယူရမည့် လုပ်ငန်းများလည်း တွေ့ရှိနိုင်ပါသည်။ တင်ဒါခေါ်ယူရာတွင် လုပ်ငန်းအမျိုးအစားအလိုက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်း များပူးပေါင်း ပါဝင်မှု အမှန်ပင် လိုအပ်ပါသည်။

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန် ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စရပ်များတွင် ကြီးကြပ်ရမည့် တာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနမှ တာဝန်ယူရပါမည်။ သို့ဖြစ်ပါ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဂန်ခွဲဝေ ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုခြင်းစီအတွက် ရေရှည်တည့်တံ့ရေး အစီအစဉ်များ ထားရှိသွားပါမည်။ ဝက်သိုက်ကျေးရွာသည် မိုးတွင်းကာလများတွင် ဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ဆောင်ရွက်ထားသော လမ်းများကို ပြုပြင်ထိန်းသိမ်းရန် ကျေးရွာတွင်းရှိ ပြည်သူလူထုနှင့် အလှူရှင်များ ချိတ်ဆက်၍ ဆောင်ရွက်သွားပါမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အား လုပ်ငန်းတာဂန် များ ခွဲဝေဆောင်ရွက်သွားမည် ဖြစ်သည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဝက်သိုက်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်း ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ

ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရန် ဆန္ဒရှိပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုး ရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက် အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများ နှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ

မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိ လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သက်ဆိုင်သောမြို့နယ်ဦးစီး ဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ- မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) ဝက်သိုက်ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၇ | ၂၀ | ၄၇ | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသား အရွယ် | ၄၇ | ၃၃ | ၈၀ | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၅၂ | ၁၀၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၇၉ | ၅၅၂ | ၁၀၃၁ | |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆၅ | ၈၇ | ၁၅၂ | |
| စုစုပေါင်း | | ၆၇၂ | ၇၄၉ | ၁၄၂၁ | |
| စုစုပေါင်း အိမ်ထောင်စု | | ၃၇၄ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် မွေးရာပါ ဉာဏ်ရည်မပြည့်သည့် ၁၄နှစ်အရွယ်၊၁၀နှစ်အရွယ် ယောက်ကျားလေး(၂)ယောက်နှင့် ဉာဏ်ရည်မမှီသော နောက်ထပ်ကျား(၁)ဦး စုစုပေါင်း(၃)ဦး ရှိပါသည်။ အသက်(၇၀)နှစ်အရွယ် ကျား(၁)ယောက်အား အသက်(၆၀)နှစ် ခန့်မှမိန်းမမှ လုပ်ကျွေးနေရပြီး ရံဖန်ရံခါ သားသမီးများမှ ထောက်ပံ့ကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

### ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

**ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | *စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၂ | ၁၃.၉ | ၃၉ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀၅ | ၂၈.၁ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | မိသားစုဝင် လုပ်အား | ၁၆၉ | ဝ | ၃၉ | |
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ဝ | ၂၇.၅ | ၁၀၃ | |
| | အလုပ် သမား၊ ကျပန်း၊ | | | | |
| | ရာသီ အလိုက် | ဝ | ဝ | ဝ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၁၀၃ | ၂၇.၅ | | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ဝ | ဝ | ဝ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ဝ | ဝ | ဝ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ဝ | ဝ | ဝ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၆ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | - | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | - | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ၀ | ၀ | ၀ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ၀ | ၀ | ၀ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ၀ | ၀ | ၀ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် | ၀ | ၀ | ၀ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့်* | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | *ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | ၀.၃ | ၁ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၁ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | ၁.၃ | ၅ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၅ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ | | | | |
| | ကျပန်း၊ရာသီအလိုက် | ၀ | ၀ | ၀ | |
| | အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | ၁၈၂ | ၄၈.၇ | | |

လေ့လာတွေ့ရှိချက်။ မိမိကျေးရွာနှင့် အနီးပတ်ဝန်းကျင်အနီး ကျေးရွာများတွင် တောင်သူ ကျပန်း လုပ်ကိုင်စားသူ များပြားပါသည်။

## ၁.၃ သဘာ၀ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၉၂၈ | သင့် | ရ | ရေသွင်းမြောင်း |
| ယာမြေ | ၃ | သင့် | ၇ | ရေသွင်းမြောင်း |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| အခြား(ရာဘာ) | | | | |
| **စုစုပေါင်း** | ၉၃၁ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ် ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေအားလုံး စိုက်ပျိုးကြပါသည်။ တစ်နှစ်ပတ်လုံး စပါး၊ ကုလားပဲ၊ နှမ်း၊ စသည့်သီးနှံများအား သီးထပ်သီးညှပ် အဖြစ်စိုက်ပျိုးကြပါသည်။ ယာမြေတွင် နွားစာပြောင်းနှင့် ပဲစဉ်းငုံတို့သာ စိုက်ပျိုးပါသည်။ နွားများဖြင့် ထွန်ယက်ကြ သူများရှိခြင်း၊ လက်တွန်းထွန်စက် ကလေးများနှင့် ထွန်ယက်ကြပါသည်။ ကျေးရွာများမှ ထွန်စက်ကြီးများနှင့် လက်တွန်းထွန်စက်များ ငှားရမ်းထွန်ယက် ကြပါသည်။

### ၁.၃.၂ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား | မရှိ | |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက်ခဲပါသည်။ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေး ဘက်ဝင်အပင်များ) ရဲယို၊ခွေးသေးပန်း | များ | လွယ်ကူပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

တောင်သူများမှ နွားစာများကို မိမိလယ်/ယာမှ ထွက်သော ကောက်ရိုး၊ ပဲမှော် များ ဖူလုံမှု ရှိပြီး ဆေးဘက်ဝင် အပင်များ နည်းပါးပါသည်။

### ၁.၄ ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသောအိမ်ထောင်စု |
| ၃၇၄ အိမ်ထောင်စု | (၅၂)စု၊ (၁၃.၉%) | (၁၀၄) စု၊ (၂၇.၈%) | (၁၁၃)စု၊ (၃၀.၂%) | (၁၀၅)စု၊ (၂၈.၁%) |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသောအိမ် ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်/ယာမြေ (၅) ကေ အထက် | လယ်/ယာမြေ (၂) ကေ နှင့်အထက် | လယ်/ယာမြေ (၁) ကေ အောက် | မရှိ |
| အိမ်အခြေအနေ | ပျဉ်ကာ၊သွပ်မိုး | ထရံကာ၊ သွပ်မိုး(၂)ထပ် | ထရံကာ၊ သွပ်မိုး(၁)ထပ် | ဝါးတိုင်၊ဝါးခင်း၊ ထရံကာ ၊ ထန်းလက်မိုး |
| လုပ်ငန်းသုံး ကိရိယာ ပိုင်ဆိုင်မှု | ကား၊ထော်လာ ဂျီ၊သုံးဘီး ၊ ရေစုတ်စက် | - | နွား | မရှိ |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊တီဗွီ ၊လျှပ်စစ် | ဆိုင်ကယ်၊တီဗွီ၊ ဆိုလာ | စက်ဘီး၊တီဗွီ | ကျပန်းလုပ် သား |
| အဓိကစီးပွားရေး လုပ်ငန်း၊တနှစ် ဝင်ငွေ အခြားပိုင်ဆိုင်မှု | မြင့် | အလယ်အလတ် | အနည်းငယ် | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

လယ်ယာမြေများတွင် လက်လုပ်လက်စား လုပ်ကိုင်စားသောက်သူ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာဖူလုံမှု

**ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၀ | ၀ | |
| ၃ လနှင့် ၅ လ အထိ | ၄၀ | ၅၄.၁ | လုပ်အားကြွေးယူခြင်း၊ ဆွေမျိုး၊ မိတ်ဆွေများ၊ ငွေတိုးချေးစားသူများနှင့် ချေးကြွေးယူခြင်း |
| ၆လ မှ ၁၂ လအထိ | ၃၄ | ၄၅.၉ | မိသားစုဝင်တစ်ဦးထဲဖြစ်၍ ဆွေမျိုးများမှ ထောက်ပံ့ခြင်း၊ နေ့စားလုပ်သားများခြင်း၊ ချေးကြွေးယူခြင်း၊ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

### ၁.၅.၂ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အသက်အရွယ် (၆၄)နှစ်အထက် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသော သူများမှာ များသောအားဖြင့် သားသမီး ဆွေမျိုးသားချင်း ထောက်ပံ့မှုယူ၍ စားသောက်ကြပါသည်။

**ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀ နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှု မရှိ | ၀ | ၀ | ၀ |
| | | **အိမ်ထောင်စု အရေအတွက်** | | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၀ | | |
| မုဆိုးဖို / တစ်ခုလပ် ဆင်းရဲသည့် အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၀ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ

ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

တောင်သူကျပန်း လုပ်သားများ များပြားစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မရှိ | တနှစ်ပတ်လုံး စပါး၊ ကုလားပဲ နှမ်း၊ များသီးထပ်သီးညှပ် စိုက်ပျိုးကြသည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ…) | မရှိ | နွေရာသီတွင် စိုက်ပျိုးရေကို မြေအောက်ရေမှ သုံးစွဲကြပါသည်။ |
| ၃ | ရေကြီးခြင်း | မရှိ | |
| ၄ | မိုးခေါင်ခြင်း | လတ် | မိုးနည်းသော ဒေသဖြစ်ပါသည်။ |
| ၅ | မုန်တိုင်း | နိမ့် | ရံဖန်ရံခါ လေနီကြမ်းများ တိုက်ခတ်ပါ သည်။ |
| ၆ | ငလျင် | နိမ့် | ငလျင်ကြောမရှိပါ။ |
| ၇ | မီးဘေး | မရှိ | – |
| ၈ | ဆားငံရေဝင်မြေ | မရှိ | ပင်လယ်ဝေးဒေသဖြစ်သည်။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | သဘာဝအတိုင်းပျက်စီးမှု နည်းပါးစေသည်။ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မရှိ | |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | အနည်းငယ်ရှိသည်။ |
| ၁၂ | တီဘီရောဂါ | နိမ့် | မရှိ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | မရှိ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | မရှိ |
| ၁၅ | လူကုန်ကူးခြင်း | မရှိ | မရှိ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | မရှိ |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

မိုးခေါင်ခြင်း မြေဆီအလွန်အကျွံသုံးစွဲ ခြင်းကြောင့်မြေဆီလွှာများ ပြုံးတီးမှုများ ရှိကြောင်း အမျိုးသမီးဦးဆောင်သော ဆင်းရဲသော မိသားစုမှာ ထိခိုက်လွယ်မှု ရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

### ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

**ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | လယ်ယာကျပန်းလုပ်သားများ ထိခိုက်နိုင်ခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | အရေးကြုံလာပါက အခြားအိမ် ထောင်စု များကဲ့သို့ ပြင်ပတွင် ထွက်၍ အလုပ်လုပ်ကိုင်ရန် မလွယ်ကူပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | တောင်သူများထံတွင် လယ်ယာ ကျပန်းလုပ်သားအဖြစ် လုပ်ကိုင် ရသည့်အတွက် မိုးတွင်း ကာလများတွင် အခြား အိမ်ထောင်စုများကဲ့သို့ နေထိုင် ရပ်တည်ရန် မလွယ်ကူခြင်း။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက် နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသ | နိမ့် | မရှိ။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မရှိ။ |

| | | | |
|---|---|---|---|
| ၆ | မတော်မမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) | နိမ့် | မရှိ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ ပြောင်းခံရသူများ (IDP) | နိမ့် | မရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိ။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အရေးကြုံလာပါက အခြားအိမ်ထောင်စုများကဲ့သို့ နေထိုင်ရပ်တည်ရန် မလွယ်ကူခြင်း။ |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ။ | |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာ | မရှိ။ | |
| ၁၃ | နယ်စပ်ဒေသ | မရှိ။ | |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ။ | |
| ၁၅ | ဆေးစွဲသူများ | မရှိ။ | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မရှိ။ | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ။ | |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | မရှိ။ | |
| ၁၉ | ကားသမား | နိမ့် | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများသည် အခြားမိသားစု များ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်သာ အများအားဖြင့် မှီခိုအားထားရသည် ဖြစ်ရာ ဘေးအန္တရာယ် တစ်ခုခု နှင့် ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရန် ခက်ခဲပါသည်။

## (၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | အဖွဲ့ဝင်ဦးရေ မ | အဖွဲ့ဝင်ဦးရေ ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | အေးချမ်းမေတ္တာပရဟိတအဖွဲ့ | ၂ | ၁၀ | - | ၁၀ | လူဝိုင်းဝန်း၍အိုးခွက်ပုဂံများအခမဲ့ကူညီသည်။ | ၄ | ၇ |
| ၂ | လူမှုကူညီရေးအသင်း | ၃ | ၂၀ | - | ၂၀ | သာရေး/နာရေး | ၄ | ၇ |
| ၃ | လဒ်မိုးရွာ | ၂ | ၅၀ | ၂၀ | ၇၀ | ဘက်စုံဖွံ့ဖြိုးရေး | ၄ | ၇ |
| ၄ | အရံမီးသတ်တပ်ဖွဲ့ | ၂ | ၅ | - | ၅ | လုံခြုံရေးနှင့်ကာကွယ်ရေး | ၄ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါ သည်။

နာရေးကူညီမှု သီးခြားမရှိပါ၊ ဆင်းရဲသောမိသားစုတွင် နာရေးတစ်ခု ဖြစ်ပါက ကျေးရွာတွင်း သဒ္ဓါကြေးကောက်ခံ၍ ရရှိလာသော ငွေကြေးများနှင့် ဆန်များကို ထောက်ပံ့ပေးကြောင်းလေ့လာတွေ့ရှိပါသည်။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ – ဥပမာ– အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်၊ (၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း၊ (၇) သင့်၊ (၈) ညံ့ (အားနည်း)

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | လဒ်မိုးရွာပရဟိတ | ၄ | ပညာရေး၊ကျန်းမာရေး၊စိုက်ပျိုးရေး နည်းပညာအဖွဲ့အစည်းများချိတ်ဆက်ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှရယူပါသည်။

**မှတ်ချက်။**

(၁)ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃)အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄)ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ
(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅)ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)
(၆)ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇)ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

**ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၅ | ၂၈.၁ | မြေမဲ့ယာမဲ့ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၂ | ၂.၅ ဧကအောက် | ၁၁၃ | ၃၀.၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၀၄ | ၂၇.၈ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၅၂ | ၁၃.၉ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၃၇၄** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

မြေယာမဲ့ အိမ်ထောင်စုများမှာ ကျပန်းလုပ်သားများ ဖြစ်ကြပြီး မြေဧက (၁) ဧက လုပ်ကိုင် စားသောက်နေသော အိမ်ထောင်စုများမှာ ဝမ်းစာဖူလုံမှု မရှိကြောင်း တွေ့ရှိရ ပါသည်။

### ၂.၂.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

**ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | – | – | – |
| ၂ | ရေလွှဲဆည် | – | – | – |
| ၃ | မြစ်ရေတင်စီမံကိန်း | – | – | – |
| ၄ | ဆည်မြောင်း | အစိုးရ | ၉၂၈ | တနှစ်ပတ်လုံး |
| ၅ | အဝီစိတွင်း | – | – | – |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |
| ၈ | ချောင်းရေ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

ရေသွင်းမြောင်းမှ တနှစ်ပတ်လုံး ရာသီအလိုက် စိုက်ပျိုးရေအဖြစ် အသုံးပြုကြ ပါသည်။

## ၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

## ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူ နစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျမ်းမျှ | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| စပါး | | တင်း | ၇၀ | ၉၀ | ၅၀ | ဝါခေါင်မှ ပြာသို | လတ် | လတ် | |
| ကုလားပဲ | | တင်း | ၇ | ၁၅ | ၈ | တပေါင်းမှ နယုန် | လတ် | လတ် | |
| နှမ်း | | တင်း | ၇ | ၁၅ | ၈ | တန်ခူးမှဝါဆို | လတ် | လတ် | |
| ပဲစဉ်းငုံ | | တင်း | ၁၀ | ၁၅ | ၁၂ | တန်ခူးမှ တန်ဆောင်မုန်း | လတ် | လတ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှရယူပါ သည်။

လယ်မြေတွင် စပါးရိတ်သိမ်းပြီးချိန် ကုလားပဲကို သီးထပ်အဖြစ် စိုက်ပျိုးပြီး ယာမြေတွင် ပဲစဉ်းငုံနှင့်နွားစာပြောင်းကိုသာ စိုက်ပျိုးပြီး သီးနှံများသိမ်းပြီးမှ နှမ်းတို့စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၂.၂.၁.၄ လယ်ယာသုံးစက်ကိရိယာများ

## ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အ ရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၄ | - | ၅၀ဦးမှာထွန်စက်ကြီးငှားရမ်းကြပါသည်။ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | - | ၃၁ဦးမှာငှားရမ်းကြပါသည်။ |
| လက်တွန်းထွန်စက် | ၆၆ | - | |
| ခြွေလှေ့စက် | ၅ | - | |
| ရေစုပ်စက် | ၁၁၈ | - | |

| | | |
|---|---|---|
| ခြေနင်းရေတင်စက် | ၁ | - |
| မျိုးစေ့ချစက် | ၀ | - |
| မြက်ရိတ်စက် | ၆၃ | - |

ရည်ညွှန်း ..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄နှစ်) မှ ရယူပါသည်။

ဝက်သိုက်ကျေးရွာတွင် နွားများနှင့်ထွန်ယက်ခြင်း လက်တွန်းထွန်စက်ဖြင့် ထွန်ယက်ကြခြင်းနှင့် ကျေးရွာတွင်း ထွန်စက်ကြီးပိုင်ဆိုင်သူ (၄)ဦးထံမှ ထွန်စက်များ ငှားရမ်းသုံးစွဲကြရပါသည်။

**၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | ရှိ | စပါးရိတ်သိမ်း ကုလားပဲစိုက်ပျိုးခြင်း ၎င်းသီးနှံများရိတ်သိမ်းပြီးချိန်းမှ နှမ်းတို့ စိုက်ပျိုးကြရပါသည်။ |
| ရေအရင်းအမြစ် | ရှိ | အဝီစိတွင်းများမှ မြေအောက်ရေများ ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | မရှိ | - |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | တောင်သူများ မည်သို့ အသုံးချရမည်ကို မသိရှိ၍ အလှမ်းဝေးနေသဲဖြစ်ပါသည်။ |
| ချေးငွေရရှိမှု | မရှိ | လယ်၊ယာမြေများအတွက် ၁ဧကလျှင် စိုက်ဘဏ်ချေးငွေ ၁သိန်းခွဲ ရရှိကြပါသည်။ |
| သွင်းအားစုဈေးကွက် | ရှိ | စလင်းမြို့ရှိ ဆိုင်များတွင် စိုက်ပျိုးရေး သွင်းအားစုများကို အလွယ်တကူ ရရှိနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | - |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | တောင်သူများသည် လယ်ယာထွက်ကုန်များကို စလင်းမြို့ရှိ ပွဲစားများထံတွင် အလွယ်တကူ ရောင်းချနိုင်သည်။ |
| အခြား(၁) | | |
| အခြား(၂) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါ သည်။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/ မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | မြေယာမြေထပ်မံတိုးချဲ့ရန် အခြေအနေမပေးပါ။ |
| ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု | ရှိ | သက်သာသောအတိုးနှုန်းဖြင့်ချေးငွေလိုသလောက်မရပါ။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | စလင်းမြို့ရှိ ဆိုင်များတွင် စိုက်ပျိုးရေး သွင်းအားစု များကို အလွယ်တကူ ရရှိနိုင်ပါသည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | စိုက်ပျိုးရိတ်သိမ်းချိန်တွင် အချိန်မီဆောင်ရွက်နိုင်ရန် အတွက် အလုပ်သမားများ ရှားပါး၍ လုပ်ခကြီးမြင့်မှု ကြောင့်ထုတ်လုပ်မှု စရိတ်မြင့်တတ် သည့်အတွက် အမြတ်အစွန်း နည်းပါသည်။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | ရေသွင်းမြောင်းမှ ရာသီအလိုက် စိုက်ပျိုးရေရရှိကြပါသည်။ |
| မိုးရေမလုံလောက်မှု | ရှိ | တနှစ်ပတ်လုံး ထွန်ယက်စိုက်ပျိုးကြသဖြင့် ရေသွင်းမြောင်းမှ ရေမလုံလောက်ပါက မြေအောက်ရေကိုသာ အသုံးပြုရသည်။ |
| စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီ အသုံးပြု နိုင်မှု | ရှိ | သွင်းအားစုများကို လက်ငင်းဝယ်ယူ၍ ရရှိပြီး ဝယ်ယူရန် မတတ်နိုင်သူများအတွက် (၅)ကျပ် အတိုးနှုန်း ဖြင့် ဝယ်ယူ နိုင်ခြင်း။ |
| ဖျက်ပိုး နှင့် ရောဂါ | ရှိ | သီးနှံအမျိုးမျိုးတွင် ပိုးမွှားများ အလွယ်တကူကျရောက်တတ်ပြီး အချို့ဖျက်ပိုးများမှာ ပိုးသတ်ဆေးဒဏ်ခံနိုင်ကြသည်။ စိုက်ပျိုးတောင်သူများ အနေဖြင့် ထိရောက်သော ပိုးမွှားနှိမ်နင်းနည်းကို လိုလားကြသော်လည်း လက်တွေ့ အားဖြင့် မအောင်မြင်သေးပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ရှိ | စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှု အားနည်း ပါသည်။ |
| ဈေးကွက် လက်လှမ်းမီမှု | ရှိ | ဈေးကွက်ရှိရာသို့ သွားရောက်ရန် လွယ်ကူပါသည်။ |
| အစိုးရ မူဝါဒ နှင့် အစီအစဉ် | မရှိ | - |
| အခြား(၁) | | |
| အခြား(၂) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ

ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄နှစ်)မှ ရယူပါ သည်။

တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှသာ ချေးယူရရှိပါသည်။ တောင်သူလယ်သမား များသည် စိုက်ပျိုးစရိတ်များ ပေးချေရန်နှင့် သွင်းအားစုများကို ဝယ်ယူရန်အတွက် ငွေချေးယူ ကြရပါသည်။

အဓိကစိုက်ပျိုးသီးနှံ များတွင် ပိုးမွှားရောဂါ ကျရောက်ခြင်း တို့ကြောင့် အထွက်နှုန်းနည်းခြင်းနှင့် ဈေးကွက်သို့ရောင်းချရန် စရိတ်ကြီးမြင့်သဖြင့် အမြတ်နည်းခြင်း စသည့်တို့ကြောင့် တောင်သူများမှာ ငွေကြေးအခက်အခဲများ ကြုံတွေ့ရပါသည်။ အရည်အသွေး မြင့်မားသော ထုတ်ကုန်များကို ဦးတည်၍ ထုတ်လုပ်ခြင်း၊ အရည်အသွေးအပေါ် တန်ဘိုးဖြတ်သည့် ဈေးနှုန်းများ ပေးနိုင်သည့် လုပ်ငန်းရှင်များနှင့် ချိတ်ဆက် ရောင်းဝယ်ခြင်းတို့ကို ဆောင်ရွက်နိုင် မည်ဆိုလျှင် တောင်သူများသည် များစွာအကျိုးအမြတ် ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

### ၂.၂.၂ မွေးမြူရေးလုပ်ငန်း

#### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

**ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေး နှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄၃ | ၁၇၄ကောင် |
| မြင်း | ၁ | ၁ကောင် |
| ကျွဲ | မရှိ | |
| မြည်း | မရှိ | |
| လား | မရှိ | |
| ဆိတ် | မရှိ | |
| သိုး | မရှိ | |
| ဝက် | ၈ | ၇၂ကောင် |
| ကြက် | ၅၉ | ၄၂၄ကောင်(ဒေသကြက်) |
| ဘဲ | မရှိ | |
| အခြား | မရှိ | |
| **ရေလုပ်ငန်း** | | |
| ငါးကန် | မရှိ | |
| ပုဇွန်ကန် | မရှိ | |
| ရေချို ငါးဖမ်းလုပ်ငန်း | မရှိ | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | မရှိ | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | မရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

တနိုင်တပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

**၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| စားကျက်မြေ | ကျေးရွာတွင် စားကျက်မြေမရှိသော်လည်း စိုက်ပျိုးသီးနှံ ဘေးထွက် ပစ္စည်းမှ နွားစာရိက္ခာများ ရရှိနိုင်သည်။ |
| ရေရရှိမှု | မွေးမြူရေးလုပ်ငန်းအတွက် မြေအောက်ရေကို အလွယ် တကူ ရရှိနိုင်ကြသည်။ |
| တိရစ္ဆာန်မျိုး | ဒေသထွက်မျိုးများ အလွယ်တကူရရှိနိုင်ကြသည်။ |
| ချေးငွေ | ချေးငွေအလွယ်တကူ မရရှိနိုင်ချေ၊ မွေးမြူရေး စတင် လုပ်ကိုင်လိုသူများ နှင့် တိုးချဲ့လုပ်ကိုင်လို သူများ အတွက် ချေးငွေကို သင့်တင့်သော အတိုးနှုန်းဖြင့် ရရှိနိုင်ရေးမှာ မလွယ်ကူပါ။ |
| သွင်းအားစုဈေးကွက် | စလင်းမြို့ရှိ ဆိုင်များတွင် မွေးမြူရေး သွင်းအားစု များကို အလွယ်တကူ ရရှိနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | မွေး/ကုဦးစီးဌာန၏ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင် သော်လည်း လွှမ်းခြုံဆောင်ရွက်နိုင်မှု အားနည်းသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | စလင်းမြို့ရှိ ဈေးများတွင် မွေးမြူရေး ထုတ်ကုန် များကို အလွယ်တကူ ရောင်းနိုင်ပါသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ခြံဝင်းများ အတော်အသင့် ကျယ်ဝန်းသဖြင့် တစ်နိုင် တစ်ပိုင်မှ စီးပွားဖြစ် မွေးမြူရေးအတွက် အဆင်ပြေ ပါသည်။ |
| အခြား(၁) | |
| အခြား(၂) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါ သည်။

**၂.၂.၂.၃ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| **ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | ငွေ (၁၀၀) ကျပ် လျှင် (၁၀) ရာခိုင်နှုန်းတိုး ပေး၍ ချေးရခြင်း၊ အပေါင်ပစ္စည်းမရှိပါက ချေးငှားရန် ခက်ခဲခြင်း၊ သင့်တင့်သော အတိုးနှုန်းဖြင့် ထုတ်ချေး သော ကာလရှည် ချေးငွေစနစ်မရှိခြင်း။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | နွားများတွင် ခွာနာလျှာနာရောဂါနှင့် ဒေါင့်တန်း |

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | ရောဂါများ ဖြစ်ပွားတတ်သည်။ တိရစ္ဆာန် ကျန်းမာရေး အသိပညာနည်းပါး ခြင်း နှင့် ကာကွယ်ဆေး အချိန်မှီစွာ မထိုးနှံခြင်းကြောင့် ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံခြင်း အရေးပါမှုကို ကျေးရွာသူ/သားများ ပိုမိုသိရှိ ဆောင်ရွက်လာခြင်းဖြင့် ရောဂါ ထိန်းချုပ်ရန် လွယ်ကူ လာစေနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | အတွေ့ အကြုံမရှိသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မွေး/ကုဦးစီးဌာနတွင် ဝန်ထမ်းအင်အား နည်းပါးသောကြောင့် လုံလောက်သော ဝန်ဆောင်မှုမပေးနိုင်ခြင်း။ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | မရှိပါ။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ | မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဗဟုသုတရှိသော်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပညာပေး အစီအစဉ်များ ရယူရန်လိုအပ်ပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင် လက်လှမ်းမီမှု | မရှိပါ။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမီမှု | မရှိပါ။ |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | မရှိပါ။ |
| အရင်းအနှီးလက်လှမ်းမီမှု | မရှိပါ။ |
| အခြား | မရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄နှစ်)မှ ရယူပါ သည်။

### ၂.၂.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

**ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ် သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ် သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သ မား၊ ပန်းရံ လုပ်ငန်း | - | - | - | - |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | - | ၃ | ၃ | အိမ်ဆိုင် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | - | - | - | - |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး | | - | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ် သမား အရေ အတွက် | မိသား စုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | – | – | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ် ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | – | ၁ | ၁ | နိမ့်(အစိုးရဝန်ထမ်းများ) |
| ၁၃ | ပညာရေး | – | ၅ | ၅ | နိမ့်(ကျောင်းဆရာမ) |
| ၁၄ | ကျန်းမာရေး | – | – | – | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | – | – | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်း ရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ) | | ၃၄၃ | ၃၄၃ | လတ်(ကျပန်းလုပ်သားများ ) |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | – | – | – | – |
| | **စုစုပေါင်းအသက်မွေးလုပ် ငန်းလုပ်ကိုင်သူဦးရေ** | **–** | **၃၅၂** | **၃၅၂** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄နှစ်)မှ ရယူပါ သည်။

**၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
| --- | --- |
| အလုပ်လုပ်ကိုင်နိုင်သူ ဦးရေများပြားခြင်း (ကျေးရွာ၏၇၃ရာခိုင်နှုန်း) | အလုပ်ပုံမှန်ရရှိနိုင်သည့်လုပ်ငန်း ကျေးရွာတွင်မရှိခြင်း၊ အမျိုးသမီးများမှာ အိမ်မှုကိစ္စများဖြင့် အချိန်ကုန်ရခြင်း။ |
| ဝင်ငွေရရှိသည့် နည်းပညာများကို သင်ယူရန် စိတ်ပါဝင်စားခြင်း | အသက်မွေးဝမ်း ကျောင်းနည်းပညာများ မရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါ သည်။

ကျပန်းလုပ်သားများအနေဖြင့် များသောအားဖြင့် မိရိုးဖလာ တောင်ယာလုပ်ငန်း တွင်သာ အချိန်ကုန်ဆုံးကြသည်။ လုပ်အားခ ကြိုတင်ပေးဖြင့်ယူ၍ စားသောက်ကြရသည်။ တွဲဖက်လုပ်ကိုင်လိုကြသည့် လုပ်ငန်းမှာ မွေးမြူရေးလုပ်ငန်း ဖြစ်သည်။ သို့ရာတွင် စီးပွားဖြစ် မွေးမြူနိုင်ရန် အရင်းအနှီးမရှိခြင်း၊ နည်းပညာမရှိခြင်း တို့ကြောင့် မွေးမြူရေးလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်ခြင်း မရှိချေ။

ကျေးရွာတွင်း လူငယ်များနှင့် အလုပ်လုပ်ကိုင်နိုင်သူများ အများအပြားပင် ရှိသော်လည်း ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နိုင်မှု မရှိခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာမရှိခြင်း၊ ဈေးငွေကို လက်လှမ်းမီမှု မရှိခြင်း၊ နည်းလမ်းပြသမည့် ဦးဆောင်သူ(သို့)အဖွဲ့ မရှိခြင်း တို့အပြင် လုပ်အားခကြိုယူကြရခြင်း၊ စုငွေစုဆောင်းနိုင်မှု မရှိခြင်းတို့ကြောင့် အကြွေးသံသရာ တွင် နစ်မြုပ်နေကြရသည်။

အချုပ်အားဖြင့်ဆိုရသော် စီးပွားဖြစ် မွေးမြူနိုင်ရန် ပံ့ပိုးကူညီခြင်း၊ ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရန် နည်းပညာနှင့် အရင်းအနှီး မတည်ပေးခြင်း၊ ဈေးကွက်ဆိုင်ရာ သင်တန်းများပေးခြင်း၊ နည်းပေးလမ်းပြ၍ အစဉ်တစိုက် ကူညီဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများပေးခြင်း၊ အတိုးနှုန်းသက်သာသော ဈေးငွေ ကဏ္ဍများနှင့် ချိတ်ဆက်ပေးနိုင်မည် ဆိုပါက ဝင်ငွေအခွင့်အလမ်းများ ရရှိပြီး လူနေမှုဘဝများ မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

### ၂.၃ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

**ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ**

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
| --- | --- | --- |
| ရွာမှအကွာအဝေး | စလင်း(၅)မိုင် | စလင်း(၅မိုင်) |
| သယ်ယူပို့ဆောင်ရေး | စက်ဘီး၊ ဆိုင်ကယ်၊ကား | စက်ဘီး၊ ဆိုင်ကယ်၊ |

| | | |
|---|---|---|
| လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ထော်လာဂျီနွားလှည်း၊ | ကား၊ထော်လာဂျီနွားလှည်း၊ |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | အားလုံးရနိုင် | အားလုံးရနိုင် |
| ဈေးအခြေခံအဆောက်အဦး နှင့် ဝန်ဆောင်မှု | အမှတ်(၁) ဈေး ကောင်းမွန် | အမှတ်(၁) ကောင်းမွန် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါ သည်။

ဝက်သိုက်ကျေးရွာရှိ တောင်သူများသည် ကျေးရွာတွင် လာရောက်ဝယ်ယူသော ကုန်သည်များသို့ ရောင်းချသော သူများရှိသလို တောင်သူကြီးများမှ စလင်းမြို့သို့ ထော်လာဂျီ များဖြင့် သယ်ယူ၍ ရောင်းချကြပါသည်။

**၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

**ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်) | ငွေကြေး | ၆လ | ၁.၈ | လို | ချေးငွေလိုသ လောက်မရပါ |
| အစိုးရဘဏ် (သမဝါယမ) | | | | | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုက ဏ္ဍ | ချေးငွေ | ၁ နှစ် | ၅ကျပ် | လို | လိုသလောက်မရပါ |
| အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | | | | | |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| ငွေချေးပေးသူ | ချေးငွေ | ကန့်သတ် ချက်မရှိ (နှစ်ဦး သဘောတူ ညီသည့် အတိုင်း) | (၃-၅) ရာခိုင်နှုန်း/ လတိုး | မလိုအပ်ပါ | ယုံကြည်သူမှသာချေး |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄နှစ်)မှ ရယူပါ သည်။

ချေးငွေများကို ပြင်ပအဖွဲ့အစည်းများမှ ချေးယူရပါသည်။

**၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု**

**၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့်အခက်အခဲများ**

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာကြွယ်ဝမှု | နိမ့် | မြေဆီဩဇာကြွယ်ဝမှု ကောင်းနေဆဲဖြစ်ပါသည်။ |
| အပင်မျိုးစိတ်များ | မြင့် | သီးနှံဖျက်ပိုးများ ကျရောက်ခြင်းကြောင့် သီးနှံ အထွက်နည်းသဖြင့် အပင်မျိုးစိတ်များ ဆုံးရှုံးရသည် များရှိပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါ | မြင့် | နည်းပညာပိုင်း ထောက်ပံ့မှုမရသဖြင့် |

| | | |
|---|---|---|
| ကာကွယ် ထိန်းချုပ်မှု | | ဖျက်ပိုးနှင့်ရောဂါကာကွယ်နှိမ်နင်းရန် နှင့် ထိန်းချုပ်နိုင်မှု အားနည်းပါသည်။ |
| ရေအရင်းအမြစ် | နိမ့် | ရေသွင်းများမှရေဖြတ်ထားချိန်များတွင် မြေအောက်ရေများ အချိန်မရွေးရရှိပါသည်။ |
| ငါးမျိုးကွဲများ | နိမ့် | မြစ်ချောင်းများနှင့် အလှမ်းကွာဝေးသည့်အတွက် ငါးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | နိမ့် | ခိုင်းနွားများနှင့် ခြံပေါက်နွားများသာ တနိုင်တပိုင်မွေးမြူကြပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | အိမ်သုံး အမှိုက်များကို မီးရှို့ခြင်း၊ သစ်ပင်ရင်း စသည့် အလေ့အထများ ရှိပါသည်။ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

စိုက်ပျိုးမြေများတွင် မြေဆီသြဇာ ကြွယ်ဝမှု ကောင်းမွန်နေသော်လည်း သဘာဝမြေဆွေးများ၊ မြေသြဇာများကို စိုက်ခင်းများသို့ ပြန်လည်ဖြည့်တင်းခြင်း အလေ့အထ များ နည်းပါးလာပြီး ဓာတုမြေသြဇာသုံးစွဲမှု တဖြည်းဖြည်း မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေဧရိယာ အများအပြား ရှိသော်လည်း မိရိုးဖလာ စိုက်ပျိုးရေး လုပ်ငန်းများ သာစိုက်ပျိုးကြပါသည်၊ အခြားမီးဖိုချောင်းသုံး သီးနှံများ စိုက်ပျိုးသည့် အလေ့အထ အားနည်းခြင်း တို့ကြောင့် စားနပ်ရိက္ခာ ရှားပါးမှုများ ကြုံတွေ့နေရပါသည်။

### ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

**ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | မြစ်ချောင်းများနှင့်ဝေးသဖြင့် ကျေးရွာတွင် ရေနစ်မြုပ်ခြင်းမရှိပါ | မိုးသီးထန်စွာရွာသွင်းချိန်များ တွင်ရေဝတ်ခြင်းလောက်ရှိပါသည်၊ |
| မီးဘေး | နည်း | မီးဘေးအန္တရာယ် မရှိဖူးသေးပါ။ | ကျေးရွာတွင် အရန် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားပါမည်။ |

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| မုန်တိုင်း | နည်း | တခါတရံသာ လေပြင်းမုန်တိုင်း ကျရောက်တတ်ပါသည်။ | |
| ငလျှင် | နည်း | မြေငလျှင်ကြော မရှိပါ။ | |
| မိုးခေါင်ခြင်း | လတ် | မြန်မာပြည်အလယ်ပိုင်း မိုးနည်းသော ဒေသဖြစ်သည်။ | |
| အအေးလှိုင်း | နည်း | တစ်ခါတစ်ရံသာ အအေးလှိုင်းဖြတ်တတ် သည် | |
| ပဋိပက္ခ | မရှိ | | |
| တိရစ္ဆာန် ရောဂါဖြစ်ပွါးမှု | လတ် | ကျေးရွာသည်တိ/မွေးကု ရုံး စိုက်ရာနှင့် အလှမ်း မကွာဝေးသော်လည်း တိရစ္ဆာန်ဆရာများ ဝန်ထမ်းအင်အားနည်း ခြင်းကြောင့်ကာကွယ် ဆေးထိုးရန်အခက်အခဲရှိ ပါသည်။ | ရောဂါဖြစ်ပွားချိန်တွင် တိ/မွေးကုဦးစီးဌာနနှင့် ဆက်သွယ်၍ကာကွယ် ဆေး ထိုးခြင်းများ ဆောင်ရွက်ပါသည်။ |
| လူရောဂါ ဖြစ်ပွါးမှု | နည်း | သာမာန်အားဖြင့် ရောဂါဖြစ်ပွားမှု နည်းပါသည်။ | ကျန်းမာ ရေးဆေး ပေးခန်း မရှိသဖြင့် ပိုးထိလူနာ များနှင့် အရေးပေါ် လူနာ များသာ အနီးဆုံး ဆေးရုံများသို့ သွား ရောက်ကုသကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေးနှင့်စာတတ်မြောက်မှု

**ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း**

| ပညာတတ်မြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ လူဦးရေ၏% |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၈ | ၈ | ၁၆ | ၁.၂ |
| ဘာသာရေးအခြေပြုပညာရေး | – | – | – | – |
| မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ | – | – | – | – |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၆၉ | ၃၇၄ | ၆၄၃ | ၅၀.၁ |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၅၁ | ၁၂၅ | ၂၇၆ | ၂၁.၅ |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၀၄ | ၇၅ | ၁၇၉ | ၁၃.၉ |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၆၀ | ၅၉ | ၁၁၉ | ၉.၃ |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၅၉၂** | **၆၄၁** | **၁၂၃၃** | **၉၆** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄နှစ်)မှ ရယူပါသည်။

ဝက်သိုက်ကျေးရွာတွင် စာတတ်မြောက်မှုမှာ (၈၅.၈၁) ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာရှိ လူကြီးများမှာ ဘုန်းကြီးကျောင်းထွက်များနှင့် မူလတန်းအဆင့်ထိ သင်ကြားတတ် မြောက်သူများ များပြားပါသည်။

### ၂.၆.၂ ကျောင်းအပ်နှုန်း

**ဇယား (၂၈) ကျောင်းအပ်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅–၉နှစ်) | ၃၅ | ၂၁ | ၅၆ | ၂၂.၉၅ |
| အလယ်တန်း (၁၀–၁၄နှစ်) | ၃ | ၁၁ | ၁၄ | ၅.၇၃ |
| အထက်တန်း (၁၅–၁၆ နှစ်ကြား) | ၄ | ၆ | ၁၀ | ၄.၀၉ |
| တက္ကသိုလ်ကျောင်းသားသူ | ၄ | ၂ | ၆ | ၂.၄၆ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

ကျေးရွာတွင် အထက်တန်းကျောင်း ရှိသည့်အတွက် ကျောင်းသားနှင့် ကျောင်းသူ ပညာသင်ကြား နေရပြီး မိုးရွာသွန်းချိန်တွင် မိုးတွင်းကာလများတွင် ရွှံ့ဗွက်များ ပေါများသဖြင့် သွားလာရခက်ခဲခြင်း ဆင်းရဲမိသားစုများသည် မိရိုးဖလာလုပ်ငန်း လုပ်ကိုင်နိုင်လောက်သည့် အရွယ်သို့ရောက်ရှိလျှင် လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်စေခြင်း စသည်တို့ကြောင့် ပညာရေး ထိရောက်စွာ မသင်ယူနိုင်ခြင်း အတွက် အလယ်တန်းအဆင့်နှင့် ကျောင်းထွက်ရခြင်း များရှိကြောင်း တွေ့ရှိရပါသည်။

## ၂.၆.၃ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမီမှု

**ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ**

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး (ကီလိုမီတာ) | ကျေးရွာတွင်း | | | ကျေးရွာတွင်း | | |
| သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု | ရွာမှလမ်းလျှောက်တက်ရ | | | လမ်းလျှောက်၊ စက်ဘီးနှင့် ကျောင်းတက်ရ၊ | | |
| စာသင်ကျောင်းအရွယ် အစား (အလျား၊ အနံ၊အမြင့်) | ၉၀'x ၄၀' x ၁၀'<br>၇၀'x ၃၀' x ၁၂'<br>၉၀'x ၄၀' x ၁၃' | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်ညှပ်၊ကွန်ကရစ်ခင်း | | | | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | လုံလောက်မှုမရှိ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် ကျေးရွာခန့် | ၅ | ၁၅ | ၂၀ | - | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

လက်ရှိပညာသင်ကြားနေသော အခြေခံပညာ အထက်တန်းကျောင်းဆောင်မှာ အရှည်၉၀ ပေ၊ အနံ၄၀ပေ နှင့် အမြင့် ၁၀ပေ ၊အရှည်၉၀ပေ၊ အနံ၄၀ပေ အမြင့်၁၃ပေနှင့် အရှည်၇၀ပေ၊ အနံ၃၀ပေ ၊အမြင့်၁၂ပေ ကျောင်းဆောင်(၃)ဆောင်ရှိ ပြီးဎင်းကျောင်းဆောင်ရှေ့တွင် ၆' ဝရံတာ ပါရှိပါသည်။ ဆရာ/ဆရာမများ နေထိုင်နိုင်ရန် ၃ပင်ပတ်လည်အဆောက်အဦး(၁)လုံးရှိပြီး

အရည်အသွေး ကောင်းမွန်မှု ရှိပါသည်။ ကျောင်းသူ၊ ကျောင်းသားများ အတွက် သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ ရေတုံကင်မှခပ်ယူ သုံးစွဲပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားခြင်း မရှိပဲ၊ ဟောခန်း ပုံစံဖြင့် ထားရှိပါသည်။

## ၂.၆.၄ ပညာရေးအခက်အခဲနှင့်ပြဿနာများ

**ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၂၀ ဦး |
| တပည့် – ဆရာ အချိုး | ၄၀း၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုး ပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံး ရပါ သည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အခမဲ့ ပညာရေး စနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစု များ အတွက်လည်း အခက်အခဲ မရှိ ကျောင်း တက်ခွင့် ရနေပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပူးပေါင်းမှု အားကောင်းစွာ၊ တက်ကြွစွာ ပါဝင်တိုင်ပင်လုပ် ဆောင်ကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

ခြေခံပညာ အထက်တန်း(ခွဲ)ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး (၁) ဦး၊ လက်ထောက် ဆရာ/မ (၁၉) ဦး၊ စုစုပေါင်း (၂၀) ဦး ရှိပါသည်။ ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့်အစုံ၊ ဝတ်စုံတစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်းစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသားဝယ်သုံးရပါသည်။ အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင် (၅)ဦးရှိပြီး ၊ ကျောင်းသားမိဘများ အားလုံးပါဝင်သော မိဘဆရာ အသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက် ကြသောကြောင့် ကျောင်းနေအရွယ် ကလေးများအတွက် ပညာရေး အခက်အခဲများမရှိ လုပ်ဆောင် နေနိုင်ပါသည်။

သို့သော်လည်း ဆရာ/ဆရာမများမှာ ရပ်ဝေးမှ လာရောက်သူများသောကြောင့် ကျောင်းဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးနိုင်ပါက ကလေးများ

အားပိုမို၍ အချိန်ပေး သင်ကြားနိုင်မည် ဖြစ်ပါသည်။ မိုးသီးထန်စွာ ရွာသွန်းချိန်နှင့် မိုးတွင်းကာလများတွင် ရွံ့ဗွက်များပေါများသဖြင့် သွားလာရခက်ခဲခြင်း စသည်တို့ကြောင့် ပညာရေး ဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှု မရှိကြပေ။ ထို့ကြောင့် အထက်တန်း တက်ရောက်နိုင်သူဦးရေ များပြားလာပြီး ဘွဲ့ရသူဦးရေ များပြားလာကာ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း သုံးသပ်ဆွေးနွေး ကြပါသည်။

## ၂.၇ ကျန်းမာရေးနှင့်အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

**ဇယား (၃၁) အဖြစ်များသော ရောဂါများ**

| | | | |
|---|---|---|---|
| ၁. ငှက်ဖျား | ၂.သွေးလွန်တုပ်ကွေး | ၃.ဝမ်းပျက်ဝမ်းလျှော | ၄.တီဘီ |
| ၅.ဆီးချို | ၆.သွေးတိုး | ၇.အသည်းရောဂါ | ၈.အာဟာရချို့တဲ့မှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄ခုနှစ်)မှ ရယူပါ သည်။

အသက်ကြီးပိုင်းများတွင် သွေးတိုး၊ ဆီးချိုရောဂါများ ရှိကြပါသည်။ အခြားရောဂါ များသည် ရာသီဥတုကူးပြောင်း ချိန်တွင် ရာသီတုတ်ကွေးရောဂါ သာဖြစ်ပွားတတ်ပြီး အသက်အန္တရာယ် ဆုံးရှုံးမှု အနည်းငယ်မျှသာ ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

### ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

**ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရုံးပင်ကန် (၃မိုင်) | မရှိ | မရှိ | | |

| | | | | |
|---|---|---|---|---|
| တိုက်နယ် ဆေးရုံ | - | - | | - |
| ဆေးဆိုင် | စလင်းမြို့ (၅)မိုင် | ရှိ | ဆရာဝန်များ/ သူနာပြုဆရာမများ | ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

ရုံးပင်ကန် ကျန်းမာရေးဆေးပေးခန်းမှ ကျန်းမာရေးဆရာမသည် မွေးကင်းစ ကလေးများနှင့် စီမံချက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လာရောက် ပြုလုပ်ပြီး အခြား အချိန်များတွင် ကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့နယ်ဆေးရုံရှိသော စလင်းမြို့များသို့ သွားရောက် ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် လုပ်ဆောင်သင့် သည်များမှာ ကျေးလက် ကျန်းမာရေးဌာနခွဲတစ်ခု ထားရှိရန် နှင့် ကျန်းမာရေး ဝန်ထမ်းရှိခြင်းဖြင့် ကျေးရွာအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။ ထို့အပြင် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေးအသိများ တိုးတက်လာမည်ဟု သုံးသပ်ဆွေး နွေးကြပါသည်။

### ၂.၇.၃ သောက်သုံးရေရရှိမှု

**ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု**

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု နွေ | မိုး | ဆောင်း | အခြား |
|---|---|---|---|---|---|---|
| ရေတွင်း | ၉၈ | ကောင်း | ရှိ | ရှိ | ရှိ | |
| အဝီစိတွင်း | ၁၀၂ | ကောင်း | ရှိ | ရှိ | ရှိ | |
| တုံကင် | | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

သောက်သုံးရေများကို နီးစပ်ရာ ရေတွင်းနှင့် အဝီစိစက်တပ်များမှ သုံးစွဲကြကြောင်း လေ့လာတွေ့ ရှိရပါသည်။

၂.၇.၄ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၃၇၄ | ၅၀ ရာခိုင်နှုန်းသာ စနစ်ကျသော ယင်လုံအိမ်သာများ ဖြစ်ပြီး ကျန်သော အိမ်သာများမှာ တာရှည်ခံမှု နည်းပါသည်။ |
| ကျင်းအိမ်သာ | | |
| တောထိုင် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်) မှ ရယူပါသည်။

ယင်လုံအိမ်သာအား ရွာလုံးကျွတ် ဆောက်လုပ်သုံးစွဲကြသော်လည်း အိမ်ထောင် စု၏ (၅၀) ရာခိုင်နှုန်းခန့်သာ စနစ်ကျသော ယင်လုံအိမ်သာများ ဖြစ်ကြပြီး ကျန်သော အိမ်ထောင်စု များမှာ တာရှည်ခံသော အိမ်သာများမဟုတ်ကြပဲ နှစ်စဉ်ပြန်လည် ဆောက်လုပ် နေရပါသည်။ ထို့ကြောင့် အလှူရှင်များ ရှိပါက ကောင်းမွန် စနစ်ကျသော ယင်လုံအိမ်သာများ ဆောက်လုပ်ရန် အတွက် အကူအညီ တောင်းခံလိုပါကြောင်း သုံးသပ်ဆွေးနွေး ကြပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုး အစား (၁၊၂၊၃) | ကောင်း /ဆိုး | တည် ဆောက် ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ပေ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | | Â | - | ၅၅၀၀ |
| ချဉ်းကပ် လမ်း | ၃ | ဆိုး | | - | A | ၂၆၄၀၀ |

*၁၊မြေသားလမ်း ၂၊ကတ္တရာလမ်း ၃၊ကျောက်ခင်းလမ်း*

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှရယူပါ သည်။

မြေသားလမ်းများသာရှိသဖြင့် မိုးတွင်းကာလများတွင် ရွှံ့ဗွက်များကြောင့် သွားလာရေး ခက်ခဲပါသည်။ ချဉ်းကပ်လမ်းမှာ မြေနီကျောက်စရစ်လမ်း ဖြစ်ပါသည်။ သို့သော်

သွားလာ အသုံးပြုမှုများခြင်း မိုးတွင်းကာလတွင် ရေဝပ်ခြင်း ဖြစ်နေသဖြင့် လမ်းများပေါ်တွင် ပျက်စီးမှုများ ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | မရှိ | | | | |
| သစ်သားတံတား | မရှိ | – | | | - |
| ကွန်ကရစ် တံတား | မရှိ | – | | | - |
| ကြိုးတံတား | မရှိ | | | | |
| ရေပြွန် | ရှိ | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှ ရယူပါသည်။

မိုးသီးထန်စွာ ရွာသွန်းချိန်တွင် လမ်းဘေးရေမြောင်းမှာ မြေသားဖြစ်သဖြင့် ပြိုကြမှုများ ကြောင့်ရေစီးရေလာမကောင်းပါ။ မိုးရေများမှာ လမ်းကြောင်းအတိုင်း မစီးနိုင်ဘဲ ရေပြွန်အတိုင်း မစီးဘဲ ရေကျော်ခြင်း ရေပြွန်အနီးမြေပဲကြ၍ ရေလမ်းပိတ်ဆို့ ပျက်စီးမှု ရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

### ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

**ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

| သယ်ယူပို့ ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုး အစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | မရှိ | – | | - |
| ပင်လယ် ရေကြောင်း | မရှိ | | | |

*၁ – လှေ၊သမ္ဗာန်* *၂ – စက်လှေ* *၃ – သင်္ဘော*

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်)မှရယူပါ သည်။

### ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

**ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ**

| ယာဉ် အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် ထော်လာ ဂျီ | နွားလှည်း | မြင်း လှည်း |
|---|---|---|---|---|---|---|---|
| အရေ အတွက် | | | ၂၁၃ | ၃၁၅ | ၃ | ၃၉ | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှရရှိသော သတင်းအချက်အလက်များ (၉ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

ခြေလျင်သွားရခြင်း၊ ပွင့်လင်းရာသီတွင် ဆိုင်ကယ်၊စက်ဘီး၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်ဖြင့် သွားလာကြပါသည်။

### ၂.၉ လျှပ်စစ်မီးရရှိမှု

**ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ**

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေး စနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | ၂၂၄ | ကောင်း | |
| ဆိုလာစနစ် | ၅၄ | (သင့်) ပိုင်ရှင်မှ ထိန်းသိမ်း | ဘတ္တရီအိုးအသစ်များမဝယ်ယူနိုင်သည့်အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ |
| အသေးစားရေအား လျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | ၁ | သင့် | |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ(အခြား) | ၄၆ | ညံ့ | အားဖြည့်မီးသီးများ နီးစပ်ရာဆွေမျိုးများထံ အားဖြည့်သုံးစွဲခြင်း၊ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်) မှ ရယူပါ သည်။

ကျေးရွာ မီးအလင်းရောင်အတွက် လျှပ်စစ်မီး၊ ဆိုလာအနည်းငယ် နှင့်ဆိုင်ကယ် ဘတ္တရီအိုးများဖြင့်၎င်း အားသွင်းမီးလုံးများကို လျှပ်စစ်မီးရရှိသည့်အိမ်၌ သွားရောက်အားသွင်း အသုံးပြုကြပါသည်။

## ၂.၁၀ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

**ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | စလောင်း | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀၆ | ၁၀ | ၁၅၇ | ၁၅၇ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၉ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါ သည်။

တီဗီသတင်းများနှင့် အင်တာနက်အသုံးပြုရသော တယ်လီဖုန်းများ အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါသည်။

## ၂.၁၁ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

**ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| လုပ်ငန်းအမည် | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | မရှိ | |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | |
| စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု | ရှိ | အင်တာနက်သုံးစွဲသူ လူငယ်၊လူလတ်များ အနည်း ငယ်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊၂၀၂၄ နှစ်) မှရယူပါသည်။

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင်ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များ အသိဉာဏ် ဗဟုသုတများစွာရရှိရန် အထောက်အကူ ပြုသော ကျေးရွာ စာကြည့်တိုက်များ ရှိသည့်အတွက် ဗဟုသုတကြောင်း တွေ့ရှိရပါ သည်။ လူငယ်အဖွဲ့ စံနစ်တကျ ဖွဲ့စည်းရေး နှင့် စွမ်းရည်မြှင့်ပေးရန် အဆိုပြုကြပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီမှု

**ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများ အား လက်လှမ်းမီမှု | မရှိ | |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ | |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | |
| ရဲစခန်းများအား လက်လှမ်းမီမှု | ရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင်လ၊ ၂၀၂၄နှစ်) မှရယူပါသည်။

### ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

**ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂ (မရှိ) | ၂ (မရှိ) | မရှိ | ၂ (မရှိ) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၉ ရက်၊ ဇူလိုင်လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

*Note: ၁။ စိုးရိမ် ၂။ သာမာန်*

ကျေးရွာအတွင်း ခိုက်ရန်ဖြစ်ပွားမှု မရှိသလောက် ရှားပါးပါသည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေ ကောင်းများ**

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူသား အရင်း အမြစ်**<br>- အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။<br>- လူကြီး၊လူငယ်များ စုပေါင်း လက်တွဲ ဆောင်ရွက် လေ့ရှိခြင်း။ | - ဝက်သိုက်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာကျား (၄၇၉) ဦးနှင့်မ (၅၅၂) ဦး၊ စုစုပေါင်း (၆၀၁)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၄၃) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၄၀) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ(၂၃)ဦး စသည်ဖြင့် တစ်နှစ် ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာ သောကြောင့် အနာဂတ် ကာလတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်း အမြစ်များ ရှိနေပါသည်။<br>- ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင် ကြသော အလေ့အထကောင်း များက လည်း အနာဂတ် ကာလအတွက် အားရဖွယ်ရာ ပင်ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ် ရေး**<br>- မြေပဲ၊ နှမ်း၊ ငရုပ်၊ပဲနောက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်း။<br>- အထွက်တိုးနည်းပညာများအား စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေ ပေးနေခြင်း။ | - ဝက်သိုက်ကျေးရွာတွင်စပါး၊ နှမ်း၊ ကုလားပဲ အဓိက အားထားစိုက်ပျိုးကြပြီး စိုက်ပျိုးမြေမှာ လယ်မြေ ဖြစ်သည့်အတွက် ရာသီဥတုအရ သင့်တော်ဖြစ်ထွန်းသည့် သီးနှံများရွေးချယ် စိုက်ပျိုးနိုင်ပါသည်။ ထို့ကြောင့် သီးနှံစိုက်ပျိုးမှု ပုံစံအရ စိုက်ပျိုးမြေ မြေဆီလွှာ အာဟာရမှာ လုံးဝကုန်းခမ်းသွားခြင်း မရှိပဲ အတန်အသင့် ပြန်လည်ပြည့်ဝလာသည်ဖြစ်ရာ သီးနှံအထွက်နှုန်း များ သိသိသာသာ ကျဆင်း သွားခြင်းမရှိ၍ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| | သီးနှံစျေးကွက်၏ စျေးနှုန်းများ မြင့်မားလာမည်ဆိုပါက စီးပွားဖွံ့ဖြိုးလာမည့် အလားအလာကောင်းများ ဖြစ်ပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br> မွေးမြူရေးထွက်ကုန်စျေးကွက်ရှိနေခြင်း။<br> တပိုင်တနိုင်မွေးမြူလေ့ရှိခြင်း။ | မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်စျေးကွက်ကောင်းခြင်း၊ မွေးမြူရေး သုံးပစ္စည်းများ ကျေးရွာတွင် ရရှိခြင်းတို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်ပါ သည်။<br> ကျေးရွာရှိ အိမ်ထောင်စု အားလုံးနီးပါး သည် နွား၊ ဝက်နှင့်ဒေသကြက်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူသည့် အလေ့အထများ ရှိခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းများ အတွက်များစွာ အကျိုးပြုသကဲ့သို့ မိသားစုဝင်ငွေကိုလည်း ပိုမိုရရှိစေပါသည်။ |
| **စိုက်ပျိုး မွေးမြူ ရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းများ**<br> | ဝက်သိုက် ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် လက်သမား၊ပန်းရံ လုပ်ငန်းများ အပြင် လယ်ယာလုပ်ငန်းတွင် ကျပန်းလုပ်သားများ အဖြစ်လည်း အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br> ပြင်ပအဖွဲ့အစည်းချေးငွေ (၁) ခု | ဝက်သိုက်ကျေးရွာတွင် လယ်ယာစိုက်ပျိုးသည့် တောင်သူများအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေ ၁ကေလျှင် ၁သိန်းခွဲ ရရှိပါသည်။ |
| **လမ်း၊ တံတား**<br> ပွင့်လင်းရာသီတွင် သွားလာနိုင်ခြင်း။ | ကျေးရွာတွင်း လမ်းများ၊ ပွင့်လင်းရာသီတွင် သွားလာနိုင်သည့် အခြေအနေ ရှိပါသည်။ လမ်းအား အဆင့်မြင့်တင် ပြုပြင်ခြင်းများ ဆောင်ရွက်ပါက ကျေးရွာဖွံ့ဖြိုးရေး အတွက်များစွာအထောက်အကူ ပြုမည်ဖြစ်ပါသည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက်<br>အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>- လူငယ်များသည် လူငယ်အသင်းအဖွဲ့ အနေဖြင့် လူကြီးများ၏ဦးဆောင်မှု အောက်တွင် လုပ်ကိုင် ဆောင်ရွက်တတ်ခြင်း။<br>- မိသားစုကျေးရွာဖြစ်၍ မှုခင်း ကြီးကြီး မားမားမရှိခြင်း။ | - ကျေးရွာတွင် လူငယ်များသည် လူငယ်အသင်း အဖွဲ့အနေဖြင့် ကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေး တို့တွင်ပါဝင်မှု ရှိကြပြီး ကျေးရွာ လူကြီးများ၏ လမ်းညွှန်မှု များအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အား ပေးခြင်း တို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စု များသည် ဆွေမျိုးမကင်းကြသူများနှင့် နှစ်ရှည်လ များ အတူတကွ နေထိုင်လာကြသူများ ဖြစ်ကြပြီး ကြီးကြီး မားမားမှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်း ကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ် လည်း ဖြစ်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင် လ၊ ၂၀၂၄ ခု နှစ်) မှ ရယူပါသည်။

**ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက်<br>အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး**<br>- အဖွဲ့အစည်းဆိုင်ရာ သဘော တရားများကို နားလည်မှု အားနည်းခြင်း။<br>- စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့ များနှင့် အလှမ်းဝေးခြင်း။ | - ဝက်သိုက် ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက် နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက် များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့ အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များ နှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **သီးနှံ ထုတ်လုပ် ရေး**<br>• တောင်သူ များ ချေးငွေကာလ နည်းခြင်း။<br>• ပိုးမွှားရောဂါ ကျရောက်မှု ပြင်းထန်ခြင်း။ | • ဝက်သိုက်ကျေးရွာတွင် တောင်သူများ ချေးငွေရရှိရန်တင်ပြရသော ပုံစံ(၇)တင်ပြ၍ ချေးငွေရရှိသော်လည်း စိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်စရိတ် နှင့် သွင်းအားစုများ အတွက်လုံလောက်မှု မရှိသဖြင့် ထည့်သွင်းနိုင်ခြင်း မရှိ၍ အကျိုးအမြတ် နည်းပါးကြရသည်။ ထို့ပြင် ချေးငွေကာလ အချိန်တိုသဖြင့် တောင်သူများ ချေးငွေပြန်ဆပ်ရန် အခက်အခဲများ ရှိနေပါသည်။<br>• ထို့အပြင် စပါးနှင့်ကုလားပဲ စိုက်ခင်းများတွင်လည်း ကြွက်ကဲ့သို့သော ပိုးမွှားများ ပြင်းပြင်းထန်ထန် ကျရောက်လေ့ ရှိသောကြောင့် သီးနှံအထွက်နှုန်းများကိုကျဆင်းစေ၍ မိသားစု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေးဈေးကွက်သဘောတရား<br>• များအား နားလည်မှု အားနည်းခြင်း။ | • မွေးမြူရေး ဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့်ကျေးရွာတွင် မွေးမြူရေး ကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲ ဖြစ်နေကြပါသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊<br>• ရင်းနှီးငွေမရှိခြင်း။ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ် များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **ချေးငွေ ဝန်ဆောင်မှု**<br>- လက်ရှိရယူနေသော ချေးငွေများသည် ကာလတိုချေးငွေများဖြစ်၍ အကျိုးအမြတ် နည်းပါးခြင်း | - ဝက်သိုက်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရယူနိုင်သော်လည်း ကာလတိုချေးငွေများဖြစ်ခြင်းနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုပ်ငန်းပေါ် မူတည်၍ ထုတ်ချေးမည့် ချေးငွေ အမျိုးအစားများ မရှိခြင်းကလည်း ကျေးရွာ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖွံ့ဖြိုး တိုးတက်လာစေမည့် အလားအလာ ကိုအဟန့် အတား ဖြစ်စေပါသည်။ |
| **ကျန်းမာရေး**<br>- ကျေးလက်ဆေးပေးခန်းမရှိခြင်း | - ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်းမရှိခြင်းကြောင့် မိုးတွင်းကာလများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ပိုးထိလူနာများ၊ အရေးပေါ်လူနာများနှင့် မီးမဖွားနိုင်သော ကိုယ်ဝန်ဆောင်မိခင်များမှာ မလိုလားအပ်ဘဲ အသက်အန္တရာယ်နှင့် ကြုံတွေ့ ကြရပါ သည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>- ကျေးရွာဓလေ့အရ လူငယ်များသည် ဦးဆောင် မှုနေရာများသို့ အလွယ်တကူ မရောက် ရှိ နိုင် ခြင်း။<br>- လူငယ်များအတွက် အလုပ်အကိုင် အခွင့် အလမ်းနည်းပါးသည့်အတွက် ကျေးရွာ၌ အမြဲအခြေကျ နေထိုင်မှု မရှိခြင်း။ | - ကျေးရွာ၏ ဓလေ့မှာ ဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ ထို့ကြောင့် လူငယ်များအား အဖွဲ့အစည်းများ အတွင်း လုပ်ကိုင်နိုင်သည့် အရည်အသွေးများ မြှင့်တင်ခြင်း၊ လက်တွဲခေါ်ယူ လုပ်ကိုင်စေခြင်း စသည့် နည်းလမ်းများ ရှိသော်လည်း လူငယ် အများစုသည် အခြားဒေသများ သို့သွားရောက် လုပ်ကိုင်သူများခြင်းကြောင့် အခက်အခဲ များ ရှိနေမည် ဖြစ်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ ( ၈ ရက်၊ ဇူလိုင် လ၊ ၂၀၂၄ နှစ်) မှ ရယူပါသည်။

နောက်ဆက်တွဲ (၃)

**တဲကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့**

**ဇယား (၄၅)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

| | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသောအကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာအတွင်းလမ်းများ ရေစီးရေလာမကောင်းသဖြင့်သွားလာရန်ခက်ခဲခြင်း၊ဖွက်ထခြင်း၊ချိုင့်ခွက်များဖြစ်ပေါ်နေခြင်း | မြေသားလမ်းဖြစ်ခြင်း၊လမ်းကောင်းမွန်အောင်မပြုပြင်နိုင်ခြင်း | မူလမြေသားလမ်းရှိခြင်း | မိုးများစွာ ရွာသွန်းချိန်များတွင် ရွှံ့ဖွက်ထူ ခြင်းနှင့် ငွေကြေးမတတ်နိုင်ခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ရန်ပုံငွေရှာဖွေခြင်း | ကျေးရွာတွင်းမြေနီကျောက်စရစ်ခင်းခြင်း |
| ၂ | ကျေးလက်နေပြည်သူများဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်တတ်ခြင်း | ကျေးရွာရှိသောက်သုံးရေများမှာ ရေအရည်အသွေးစမ်းသတ်ထားမှုမရှိခြင်း၊ | ရေသန့်စင်စနစ်ဆောင်ရွက်ပါကကျေးရွာမှလုပ်အားနှင့်ငွေအားထည့်ဝင်လှူဒါန်းနိုင်ခြင်း | ငွေကြေးမတတ်နိုင်ခြင်း၊ နည်းပညာအကြံညာဏ်ပံပိုးပေးနိုင်သူမရှိခြင်း။ | သက်ဆိုင်ရာဌာနများဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်းကျေးရွာမှတက်ကြွစွာပူးပေါင်းပါဝင်ခြင်း | ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း |

| | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသောအကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| ၃ | ကွက်သစ်တွင် အိမ်ထောင်စုကွဲများသောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်ခြင်း | ရွာမတွင်အိမ်ခြေထူထပ်၍ မိမိတို့ပိုင်ဆိုင်သောလယ်မြေများအတွင်းပြောင်းရွှေ့နေထိုင်ခြင်း | စက်ရေတွင်း တူးဖော်ရန်မြေနေရာ အလှူရှင်ရှိခြင်း | ကိုယ်ပိုင်ရေတွင်းတူးရန် ငွေကြေးမတတ်နိုင်ခြင်း၊ | သက်ဆိုင်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | စက်ရေတွင်းတူးဖော်ခြင်း |
| ၄ | အထကခွဲ ရှိသဖြင့် စာသင်ကျောင်းဆောင်မလုံလောက်ခြင်း | ကျောင်းသား/သူဦးရေများပြားခြင်း | ကျောင်းဆောင်သစ်ဆောက်လုပ်ရန်မြေနေရာရှိခြင်း | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျောင်းဆောင်သစ်ချထားပေးရန် |
| ၅ | ရေထွက်သည့်ပြွန်မကောင်းခြင်း၊ရေထွက်အားနည်းခြင်း ရေတိုက်စားခြင်း | မိုးသီးထန်စွာ ရွာသွန်းချိန်တွင် ရေစီးအားသန်၍ မြေတိုက်စားမှုခံနေရခြင်း | ရေပြွန်ရှိခြင်း | ငွေကြေးမတတ်နိုင်ခြင်း | သက်ဆိုင်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | Box Cluvert ချထားပေးရန် |

| | အခက်အခဲ / ပြဿနာ | အခက်အခဲဖြစ်စေသောအကြောင်းအရင်း၊ ဇစ်မြစ် | အလားအလာ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်း | အဆိုပြု စီမံချက် |
|---|---|---|---|---|---|---|
| ၆ | ကျောင်းခြံစည်းရိုး မလုံခြင်း | ကလေးသူငယ်များ ထိခိုက်နိုင်ခြင်း၊ လွယ်တကူပျောက်သွားနိုင်ခြင်း | အထကကျောင်းဝန်း တွင်သွပ်ဆူးကြိုးများ ကာရန်ထားခြင်း | ကျောင်းခြံစည်းရိုးအုတ်တတိုင်း ခတ်ရန်ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ဌာနဆိုင်ရာ များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ကျောင်းခြံစည်း ရိုးအုတ်တတိုင်း ခတ်ခြင်း |

**<u>ကိုးကားစာရင်း</u>**

စလင်းမြို့နယ်၊ ဝက်သိုက်ကျေးရွာတွင်၂၀၂၄ခု ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းမှ မှတ်စုများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်။